# ဂျပန်အမျိုးသားပင်စင်စနစ် ミャンマー語 / မြန်မာဘာသာ

**၁။ အမျိုးသားပင်စင်စနစ်နှင့် အခြားသောပြည်သူ့ပင်စနစ် ၏အကျဉ်းချုပ်**

(က) ဂျပန်နိုင်ငံတွင်နေထိုင်သော အသက်၂၀မှ၆၀နှစ်အတွင်း နိုင်ငံခြားသားများအပါအဝင် ဥပဒေအရအမျိုးသားပင်စင်စနစ်နှင့်အကျုံးဝင်ပြီး အာမခံကြေးများပေးရမည်။

(ခ) ပြည်သူ့ပင်စင်စနစ်(အမျိုးသားပင်စင်စနစ်အပါအဝင်) သည် လူ့အဖွဲ့အစည်းအသီးသီးပေါင်းစည်းပြီး မိသားစုဝင်များအား နည်းလမ်းအရထောက်ပံ့ရန် ရည်ရွယ်သည်။

(ဂ) ပြည်သူ့ပင်စင်စနစ်သည်ကပြည့်ပင်စင်အပြင် မမျှော်လင့်သော အခက်အခဲဖြစ်သည့်အခါ ထောက်ပံ့သည့် မသန်စွမ်းပင်စင်နှင့်ကျန်ရစ်သူမိသားစုပင်စင်လည်းရှိ၏။

(ဃ) အမျိုးသားပင်စင်မှာမူ လက်ခံရရှိမည့်ပင်စင်၏ တစ်စိတ်တစ်ပိုင်းကို ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ပေးသည်။

(င) ပြည်သူ့ပင်စင်တွင်ပေးဆောင်ထားသော အာမခံကြေးအားလုံးသည် လူမှုဖူလုံရေးအာမခံကြေးနှုတ်ယူခြင်းတွင် အကျုံးဝင်သည်။

**၂။ အမျိုးသားပင်စင်ဝင်နိုင်သနှင့် လျှောက်ပုံလျှောက်နည်း**

အမျိုးသားပင်စင်ဝင်နိုင်သူ အမျိုးအစားသုံးမျိုးနှင့် လျှောက်ပုံလျှောက်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပင်စင်အမျိုးအစားတစ် အာမခံထားသူ

ဂျပန်နိုင်ငံတွင်နေထိုင်သူ အသက် ၂၀ မှ ၆၀ နှစ်အတွင်းဖြစ်၍ အောက်ပါပင်စင်အမျိုးအစားနှစ်နှင့်သုံးတွင် အကျုံးမဝင်သူ။

→ ပင်စင်အမျိုးအစားတစ်တွင်အကျုံးဝင်သည့် နိုင်ငံခြားသားများသည် နေထိုင်သောမြို့နယ်၏အုပ်ချုပ်ရေးရုံး၌ နေထိုင်ကြောင်းလျှောက်ပြီး၊ ထိုအုပ်ချုပ်ရေးရုံး၏ အမျိုးသားပင်စင်နေရာတွင် စာရင်းသွင်းမှတ်ပုံတင်ပါ။

→ အာမခံကြေးများကို ဂျပန်ပင်စင်ရုံးချုပ်မှ ပို့ပေးသောအကြောင်းကြားစာအတိုင်း ပေးဆောင်ပါ။ ("နံပါတ် ၄ လစဉ်အာမခံကြေးများ" တွင်ကြည့်ပါ)

မှတ်ချက်။ ဆေးဝါးကုသခွင့်ဗီဇာသို့မဟုတ် ရက်ရှည်အလည်အပတ်ဗီဇာဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားများ မပါဝင်ပါ။

(၂) ပင်စင်အမျိုးအစားနှစ် အာမခံထားသူ

ကုမဏီ နှင့် စက်ရုံများတွင် အလုပ်လုပ်သူဖြစ်၍ အလုပ်သမားပင်စင်အာမခံ ထားရှိသောသူ။

→ ပင်စင်ဝင်ခြင်းကို အလုပ်ရှင်မှ တာဝန်ယူလုပ်ဆောင်ပေးမည်ဖြစ်သည်။ အသေးစိတ်ကို အလုပ်ရှင်ထံ မေးမြန်းပါ။

→ အာမခံကြေးများကို လစာမှနှုတ်ယူပြီး၊ အလုပ်ရှင်မှ ပေးဆောင်ပေးမည်။

(၃) ပင်စင်အမျိုးအစားသုံး အာမခံထားသူ

ပင်စင်အမျိုးအစားနှစ် အာမခံထားသူ၏မှီခိုသူဖြစ်၍ အသက် ၂၀မှ၅၉နှစ်အတွင်းရှိ ဂျပန်နိုင်ငံအတွင်းနေထိုင်သော အိမ်ထောင်ဖက်ဖြစ်ပါက ပင်စင်အမျိုးအစားသုံးတွင်ပါဝင်မည်။

→ ပင်စင်ဝင်ခြင်းကို အမျိုးအစားနှစ်အာမခံထားသူ ခင်ပွန်း/ဇနီး အလုပ်လုပ်သောလုပ်ငန်းခွင်၏ အလုပ်ရှင်ကဆောင်ရွက်ပေးမည်။ အသေးစိတ်ကို အလုပ်ရှင်ထံစုံစမ်းပါ။

→ အာမခံကြေးပေးဆောင်ရန် မလိုအပ်ပါ။ ပင်စင်အမျိုးအစားနှစ် အာမခံထားသူမှ အားလုံးကိုပေးဆောင်မည်ဖြစ်သည်။

→ သင်သည် ဂျပန်နိုင်ငံမှ ခေတ္တထွက်ခွါသွားခဲ့ပါက ပင်စင်အမျိုးအစားသုံး အာမခံထားသူတွင် ပါဝင်မည့်သူ ဖြစ်မည်။

**၃။ ပင်စင်လက်စွဲစာအုပ်**

ပင်စင်လျှောက်ခြင်းပြီးဆုံးပါက ပင်စင်လက်စွဲစာအုပ်ကိုလက်ခံရရှိမည်။ ထိုပင်စင်စာအုပ်သည် ပင်စင်ကိုလက်ခံရယူသောအခါနှင့် စုံစမ်းမေးမြန်းသောအခါများတွင် သက်သေခံလက်မှတ်အဖြစ် အလွန်အရေးကြီးသည်။ ဘဝတစ်လျှောက်သုံးစွဲရမည်ဖြစ်၍ လုံခြုံစိတ်ချမည့်နေရာတွင်သိမ်းဆည်းထားပါ။ ပင်စင်လက်စွဲစာအုပ်ပျောက်ဆုံး ပျက်စီးခဲ့လျှင်၊ ပင်စင်အမျိုးအစားတစ် အာမခံထားသူသည် ပင်စင်ရုံး ( သို့ ) မြို့နယ်အုပ်ချုပ်ရေးရုံး၌လည်း ကောင်း၊ ပင်စင်အမျိုးအစားနှစ် အာမခံထားသူသည် ပင်စင်ရုံး ( သို့ ) အလုပ်ရှင်မှတစ်ဆင့်လည်းကောင်း၊ ပင်စင်အမျိုးအစားသုံး အာမခထားသူသည် ခင်ပွန်း/ဇနီး၏ အလုပ်ရှင်မှတစ်ဆင့်လည်ကောင်း၊ ပြန်လည်ထုတ်ပေးရန် လျှောက်ပါ။

**၄။ လစဉ်အာမခံကြေးများ**

2020ခုနှစ်ဧပြီလ မှ 2021ခုနှစ်မတ်လအထိ အမျိုးသားပင်စင်အာမခံကြေးသည်လစဉ် 16,540 ယန်း ဖြစ်သည်။ လစဉ်အာမခံကြေးများကို နောက်လကုန် နောက်ဆုံးထားပေးပါ။

အာမခံကြေးများကို ဘဏ်စသည့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ စာတိုက်များနှင့် အချိန်မရွေးဝယ်ယူနိုင်သောဆိုင်များတွင် ငွေသားဖြင့်ပေးဆောင် နိုင်သည့်အပြင် ဘဏ်မှလစဉ်ဖြတ်တောက်ခြင်း၊ အင်တာနက်ဖြင့်ငွေပေးဆောင်ခြင်းများလည်း ရှိသည်။

ထို့ပြင် လာမည့်လများအတွက်ကြိုတင်ပေးဆောင်ပါက အာမခံကြေးသက်သာမည့်စနစ်လည်းရှိသည်။ ကြိုတင်အာမခံကြေးကိုဘဏ်မှဖြတ်တောက်ခြင်း သည် ငွေသားဖြင့်ကြိုတင်ပေးဆောင်ရခြင်းထက် ပို၍ပို၍သက်သာသည်။

**၅။ အာမခံကြေးများပေးရန် အခက်အခဲရှိပါက ( ကင်းလွတ်ခွင့်စနစ် )**

ဝင်ငွေနည်းခြင်းစသည့် အကြောင်းကြောင့်အာမခံကြေးပေးဆောင်ရန် အခက်အခဲ ရှိပါက မြို့နယ်အုပ်ချုပ်ရေးရုံး၌ အာမခံကြေးကင်းလွတ်ခွင့်ကို လျှောက်ထားပါ။ ပင်စင်ရုံးတွင် ယခင်နှစ်ဝင်ငွေစသည်တို့ကိုစစ်ဆေးပြီး မှန်ကန်ပါက အာမခံကြေး အပြည့်အဝ ( သို့မဟုတ် ) တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်ရရှိမည်။ အာမခံကြေးကင်းလွတ်ခွင့်အမျိုးအစား၊ ပေးဆောင်ရန်အာမခံကြေးနှင့် အာမခံကြေး ကိုအပြည့်အဝပေးဆောင်ခဲ့သည့်အခါများနှင့် နှိုင်းယှဉ်ကာ ကင်းလွတ်ခွင့် ကာလနှင့် သက်ဆိုင်သော သက်ပြည့်အခြေခံပင်စင်ငွေမှာညာဘက်ဇယားအတိုင်းဖြစ်သည်။

| ကင်းလွတ်ခွင့်အမျိုးအစား | အာမခံကြေး | သက်ပြည့်အခြေခံပင်စင် |
|---|---|---|
| အပြည့်အဝကင်းလွတ်ခွင့် | သုညယန်း | 8 ပုံ 4 ပုံ |
| ၄ ပုံ ၁ ပုံ ပေးဆောင်ခြင်း (၄ ပုံ ၃ ပုံ ကင်းလွတ်ခွင့်) | 4,140 ယန်း | 8 ပုံ 5 ပုံ |
| ၂ ပုံ ၁ ပုံ ပေးဆောင်ခြင်း (၂ ပုံ ၃ ပုံ ကင်းလွတ်ခွင့်) | 8,270 ယန်း | 8 ပုံ 6 ပုံ |
| ၄ ပုံ ၁ ပုံ ပေးဆောင်ခြင်း (၄ ပုံ ၃ ပုံ ကင်းလွတ်ခွင့်) | 12,410 ယန်း | 8 ပုံ 7 ပုံ |
| ဝင်ငွေနည်းသူများအတွက် အာမခံကြေးရွှေ့ဆိုင်းခြင်းစနစ် | သုည ယန်း | သုည |
| ကျောင်းသားများအတွက် အထူးပေးဆောင်ခြင်းစနစ် | သုည ယန်း | သုည |

**[ သတိပြုရန် ]**

(၁) ၄ ပုံ ၁ ပုံ ၊ ၂ ပုံ ၁ ပုံ နှင့် ၄ ပုံ ၃ ပုံ အာမခံကြေးပေးဆောင်ခြင်း၏ တစ်စိတ်တစ်ပိုင်း ကို ပျက်ကွက်ခဲ့ပါက၊ တစ်စိတ်တစ်ပိုင်းကင်းလွတ်ခွင့် အာမခံကြေးစနစ်သည် အကျုံးမဝင်တော့ဘဲ၊ ပေးဆောင်ရန်ပျက်ကွက်မှု အဖြစ်သတ်မှတ်မည်။ ထို့အတွက် ရေ့ရေးသက်ပြည့်အခြေခံပင်စင် တွက်ချက်ခြင်းများတွင် မပါဝင်သည့်အပြင် မသန်စွမ်းပင်စင်စသည့် ကျန်ရစ်သူပင်စင်တို့ကိုလည်း လက်ခံရရှိမည်မဟုတ်ပါ။

(၂) အာမခံကြေးရွှေ့ဆိုင်းခြင်းစနစ်သည် အသက် ၅၀နှစ် ( # ) အောက်ဖြစ်ပါက လျှောက်ထားနိုင်သည်။( # ) 2016ခုနှစ် ဇွန်လမတိုင်မီ အသက် ၃၀ နှစ် မပြည့်ခင်ကာလ အတွင်းသာအကျုံးဝင်သည်။

(၃) ကျောင်းသားများအတွက် အထူးပေးဆောင်ခြင်းစနစ်ကို ကျောင်းသားများကလျှောက်ထားနိုင်သည်။ သို့သော် နိုင်ငံခြားအခြေခံဂျပန်ကျောင်းခွဲများနှင့်ဝင်ခွင့်များ အတွက် အချိန်တိုကာလသင်ကြားသောကျောင်းသားများနှင့် မသက်ဆိုင်ပါ။

**၆။ အာမခံကြေးကင်းလွတ်ခွင့်ကာလများအတွက် ပြန်လည်ပေးဆပ်ခြင်း**

ယခင်နှစ်များတွင် အပြည့်အဝ ( သို့မဟုတ် ) တစ်စိတ်တစ်ပိုင်း အာမခံကြေး ကင်းလွတ်ခွင့်ကာလများရှိခဲ့ပါက၊ ထို အာမခံကြေးများကို ၁၀နှစ်အတွင်း ပြန်လည်ပေးဆပ်နိုင်သည်။ ကင်းလွတ်ခဲ့သောအာမခံကြေးများကို ပြန်လည်ပေးဆပ်ပြီးပါ။ သက်ပြည့်အခြေခံပင်စင်တွက်ချက်ခြင်းသည် အာမခံကြေး အပြည့်အဝပေးဆောင်ခြင်းနှင့်တူညီသည်။ သို့သော် ကင်းလွတ်ခွင့်ပြုသည့်နှစ်၏ နောက်နှစ်မှ စတင်ရေတွက်၍ ၃ နှစ်တာ နောက်ပိုင်းပြန်လည်ပေးဆပ်ပါက၊ ယခင်နှစ်များ၏ အာမခံကြေးအပေါ် သတ်မှတ်ထားသော ကျသင့်ငွေကို တိုး၍တောင်းခံမည်ဖြစ်သည်။

**၇။ အမျိုးသားပင်စင်စနစ်မှ ပေးအပ်မည့် ပင်စင်ပမာဏ**

(၁) သက်ပြည့် အခြေခံပင်စင်

အမျိုးသားပင်စင် အာမခံကြေးများကို ၁၀ နှစ်ကျော် ပေးဆောင်ခဲ့ခြင်းစသည့်အခြေအနေများနှင့် ပြည့်စုံပါက၊ အသက် ၆၅ နှစ်မှစ၍ ပေးအပ်မည်ဖြစ်သည်။ *1

★ ပင်စင်ပမာဏ = 781,700 ယန်း ( နှစ် ၄၀ ကြာ အာမခံကြေးပေးဆောင်ခဲ့သူအတွက် 2020ခုနှစ်၏ တစ်နှစ်စာငွေပမာဏ )

(၂) မသန်စွမ်း အခြေခံပင်စင်

အမျိုးသားပင်စင်ဝင်ထားသောအချိန်တွင် နာမကျန်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့်ဖြစ်သည့် မသန်စွမ်းမှု ပထမအဆင့် ( သို့မဟုတ် ) ဒုတိယအဆင့်နှင့်ကိုက်ညီသောမသန်စွမ်းမှုဖြစ်ပါက မသန်စွမ်း အခြေခံပင်စင်ကို ပေးအပ်မည်ဖြစ်သည်။ *2

★ ပင်စင်ပမာဏ = 977,125 ယန်း ( ပထမအဆင့် မသန်စွမ်းမှုအတွက် 2020 ခုနှစ်၏ တစ်နှစ်စာငွေပမာဏ )

ပင်စင်ပမာဏ = 781,700 ယန်း ( ဒုတိယအဆင့် မသန်စွမ်းမှုအတွက် 2020 ခုနှစ်၏ တစ်နှစ်စာငွေပမာဏ )

(၃) ကျန်ရစ်သူ အခြေခံပင်စင်

အမျိုးသားပင်စင်ဝင်ထားသောအချိန်တွင် အာမခံထားသူသေဆုံးပါက မှီခိုသူခင်ပွန်း/ဇနီး (သို့) မှီခိုသူသား/သမီးထံ ကျန်ရစ်သူ အခြေခံပင်စင်ကို ပေးအပ်မည်ဖြစ်သည်။ *2

★ ပင်စင်ပမာဏ = 1,006,600 ယန်း ( သား/သမီးတစ်ယောက်ရှိသည့် ခင်ပွန်း/ဇနီးအတွက် 2020 ခုနှစ်၏ တစ်နှစ်စာငွေပမာဏ )

*1 အသက် ၆၅ နှစ်မတိုင်မီအထိ ဂျပန်နိုင်ငံသားအဖြစ်ခံယူထားသူ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူတို့၏နိုင်ငံခြားနေထိုင်ခွင့်ကာလအတွင်း ၁၉၆၁ခုနှစ် ဧပြီလ၁ ရက်နေ့ မှ ဂျပန်နိုင်ငံသားမဖြစ်ခင်နေ့အထိ အသက်၂၀မှ၆၀နှစ်ကြားကာလသည်၁၀နှစ်တာ၏ပေးအပ်မှုကာလမှာအကျုံးဝင်၍ ဖြည့်ဆည်းကာလဟုခေါ်သည်။ ဖြည့်ဆည်းကာလဆိုသည်မှာသက်ပြည့်ပင်စင်၏လိုအပ်သောကာလကိုပြည့်စုံခြင်းရှိမရှိ ကြည့်သောအချိန်တွင်ထည့်တွက်ပေးသော်လည်း သက်ပြည့်ပင်စင်ပင်စင်ပမာဏတွင် မထည့်တွက်။

*2 မသန်စွမ်းအခြေခံပင်စင်နှင့် ကျန်ရစ်သူအခြေခံပင်စင် တို့တွင် သတ်မှတ်ထားသောအာမခံကြေးပေးဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ခြင်းမရှိပါက လက်ခံရရှိမည်မဟုတ်ပါ။ အသေးစိတ်သိလိုပါက မေးမြန်းနိုင်ပါသည်။ ( " နံပါတ် ၁၀ အမျိုးသားပင်စင်အတွက် ဆက်သွယ်ရန် " တွင်ကြည့်ပါ )

**၈။ နိုင်ငံခြားသားများအတွက် နှုတ်ထွက်ပင်စင်ပုတ်ပြတ် ပေးအပ်ငွေ**

အမျိုးသားပင်စင် ပေးဆောင်ခြင်းပြီးဆုံးသောကာလ ( အမျိုးအစား နှစ် နှင့် သုံး အာမခံသည့်ကာလများ မပါဝင်ပါ ) စသည်၏ စုစုပေါင်း၆လကျော်ရှိပြီး သက်ပြည့်အခြေခံပင်စင် လက်ခံရမည့်ကာလ မပြည့်သေးသော နိုင်ငံခြားသားများသည်၊ ဂျပန်ပြည်တွင်းလိပ်စာမရှိသည့်နေ့မှ ၂နှစ်အတွင်း နှုတ်ထွက်ပင်စင် ပုတ်ပြတ်ပေးအပ်ငွေကို လျှောက်ထားနိုင်သည်။

နှုတ်ထွက်ပင်စင်ပုတ်ပြတ်ပေးအပ်ငွေပမာဏမှာ အာမခံကြေးပေးဆောင်သည့်လအရေအတွက်ပေါ်မူတည်ကာညာဘက်ဇယားအတိုင်းဖြစ်သည်။ (နောက်ဆုံးပေးဆောင်ခြင်းသည် 2020ခုနှစ်ဖြစ်လျှင်)

*အာမခံကြေးပေးဆောင်ခြင်း ပြီးဆုံးသောကာလစုစုပေါင်းကို အောက်ပါအတိုင်းတွက်ချက်မည်။ အပြည့်အဝပေးဆောင်ပြီးသော လအရေအတွက် +( ၄ ပုံ ၁ ပုံ ပေးဆောင်ပြီးသော လအရေအတွက် ) x ၁/၄ +( တစ်ဝက်ပေးဆောင်ပြီးသော လအရေအတွက် ) x ၁/၂ + ( ၄ ပုံ ၃ ပုံ ပေးဆောင်ပြီးသော လအရေအတွက် ) x ၃/၄

| အာမခံကြေးပေးဆောင်သော လ စုစုပေါင်း | နှုတ်ထွက်ပင်စင်ပုတ်ပြတ် ပေးအပ်ငွေ |
|---|---|
| ၆ လ မှ ၁၁ လ အတွင်း | 49,620 ယန်း |
| ၁၂ လ မှ ၁၇ လ အတွင်း | 99,240 ယန်း |
| ၁၈ လ မှ ၂၃ လ အတွင်း | 148,860 ယန်း |
| ၂၄ လ မှ ၂၉ လ အတွင်း | 198,480 ယန်း |
| ၃၀ လ မှ ၃၅ လ အတွင်း | 248,100 ယန်း |
| ၃၆ လ နှင့် အထက် | 297,720 ယန်း |

[ ပေးအပ်ရန်တောင်းဆိုသော လျှောက်ပုံလျှောက်နည်း ]

(၁) မြို့နယ်အုပ်ချုပ်ရေးရုံး၌ ဂျပန်နိုင်ငံတွင် ဆက်လက်နေထိုင်ခြင်းမရှိတော့ကြောင်းလျှောက်ထားသည့်အခါတွင် အမျိုးသားပင်စင်စနစ် ရုတ်သိမ်းခြင်းကိုပါ တစ်ပါတည်း လျှောက်ထားပါ။ လျှောက်ထားရန်ပုံစံကို မြို့နယ်အုပ်ချုပ်ရေးရုံး ပင်စင်ရုံးများနှင့် ဂျပန်ပင်စင် ရုံးချုပ်ဝဘ်ဆိုဒ်များတွင် ထုတ်ယူနိုင်ပါသည်။ ( https://www.nenkin.go.jp/international/index.html )

(၂) လျှောက်လွှာတင်သည့်အခါ လျှောက်လွှာတွင်ရေးထားသောသတိပြုရန်အချက်များကို သေချာစွာဖတ်ရှုပြီးမှ လိုအပ်သောအချက်အလက်များကို ဖြည့်သွင်း၍ ထိုလိပ်စာအတိုင်း လေကြောင်းမှပို့ပေးပါ။ 〒168-8505 Japan Pension Service, 3-5-24, Takaido-nishi, Suginami-ku, Tokyo, Japan

*နှုတ်ထွက်ပင်စင်ပုတ်ပြတ်ပေးအပ်ငွေကိုလက်ခံယူပါက ထိုပေးအပ်ငွေအကျုံးဝင်သောကာလသည် အာမခံကြေးပေးဆောင်ပြီးသည့်ကာလ မဖြစ်ကြောင်းကိုသတိပြုပါ။

**၉။ လူမှုလုံခြုံရေး သဘောတူညီချက်**

ဂျပန်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ပင်စင်စနစ်၂မျိုး ပြိုင်တူဝင်ချင်းကို ကာကွယ်ရန်နှင့်အတူ၊ နိုင်ငံခြား၏ပင်စင်စနစ်ဝင်သည့်ကာလကိုထည့်သွင်း၍ ပင်စင် ရယူနိုင်အောင် သဘောတူညီချက်ထားရှိသောနိုင်ငံများရှိသည်။ အသေးစိတ်သိလိုပါက ဂျပန်ပင်စင်ရုံးချုပ်ဝဘ်ဆိုဒ်ကို ကြည့်ရှုပါ။(https://www.nenkin.go.jp/international/index.html )

**၁၀။ အမျိုးသားပင်စင်အတွက် ဆက်သွယ်ရန်**

အမျိုးသားပင်စင် နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပင်စင်လက်စွဲစာအုပ်ဖြင့် မြို့နယ်အုပ်ချုပ်ရေးရုံးနှင့် ပင်စင်ရုံးများတွင် မေးနိုင်ပါသည်။ ပင်စင်ရုံးများစာရင်းကို ဝဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ( https://www.nenkin.go.jp/international/index.html )

ပင်စင်နှင့်ပတ်သက်၍ ဆွေးနွေးရန် " NENKIN Dial " သို့ ဖုန်းဖြင့်မေးနိုင်ပါသည်။ ဖုန်းခေါ်ချိန်တွင် ပင်စင်လက်စွဲစာအုပ်(အခြေခံပင်စင်နံပါတ်)ကိုအဆင်သင့်ထားရှိပေးပါ။ ပြည်တွင်းမှခေါ်ဆိုရန် " NENKIN Dial " : 0570-05-1165 ( ပြည်တွင်းခေါ်ဆိုနှုန်း )။ ပြည်ပမှခေါ်ဆိုရန် " NENKIN Dial " : +81-3-6700-1165 ( ပြည်ပခေါ်ဆိုနှုန်း )

日本年金機構
Japan Pension Service

2004 1016 070